**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# Burma's Weekly Political News Summary (083/2011)

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၈၃/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ (၂၇) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- သမ္မတဦးသိန်းစိန် အစိုးရက ဩဂုတ် ၂၁ ရက်နေ့တွင် ခေါ်ယူကျင်းပသည့် လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်အမတ် စုစုပေါင်း ၅၀၀ နီးပါးခန့် တက်ရောက်မည်ဖြစ်ပြီး ယင်းအစည်းအဝေးများအတွက် အသုံးစရိတ်ကို ယခင်ထက် လျှော့ချကာ ချင့်ချင့်ချိန်ချိန်နှင့် သတ်မှတ်သုံးစွဲထားသည်ဟု လွှတ်တော်လုပ်ငန်းများ စီစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ပြောသည်။ (RFA 210811) Read More...
- ပြည်တွင်းပြည်ပ အတားအဆီး အနှောင့်အယှက်များ ရှိနေလင့်ကစား ပဋ္ဌမ မဏ္ဍိုင်ဖြစ်သော ပြည်သူလူထု၏ ထောက်ခံ ချက်ဖြင့် စိတ်မပျက်၊ စိတ်ဓာတ်မကျဘဲ အရပ်သားအစိုးရသစ်၏ တာဝန်များကို ဆက်လက် ထမ်းဆောင်သွားမည် ဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်က ဩဂုတ်လ ၂၂ ရက်နေ့က ပြောကြားလိုက်သည်။ (Irrawaddy 220811) Read More...
- ကမ္ဘာ့စီးပွားရေး ရိုက်ခတ်မှုက မြန်မာ့စီးပွားရေးကို အကျပ်အတည်းအချို့ ဖြစ်ပေါ်လာခဲ့ သည်ဟု သမ္မတဦးသိန်းစိန်က ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေး၌ ပြောကြားလိုက်သည်။ (Mizzima 220811) Read More...
- နေပြည်တော်တွင် ဩဂုတ် ၂၁ ရက်နေ့က ကျင်းပပြီးစီးသွားသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ နောက်ဆုံးနေ့တွင် သမ္မတ အကြံပေး ဦးနေဇင်လတ်က ယခုဆွေးနွေးပွဲကဲ့သို့ နိုင်ငံတော်အဆင့် နိုင်ငံရေးနှင့်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကိုလည်း ဆက်လက်ကျင်းပသွားမည်ဟု ပြောဆိုခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (DVB 210811) Read More...
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို လက်မခံသည့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများကို ညှိနှိုင်း ဆောင်ရွက်ပေး သွားမည်ဟု သမ္မတ ဦးသိန်းစိန်က ဩဂုတ် ၂၂ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး အဖွင့်မိန့်ခွန်း တွင် ထည့်သွင်းပြောကြားခဲ့သည်ဟု အမျိုးသားလွှတ်တော် အမတ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 220811) Read More...
- ပြည်သူများ ဖြစ်နေသည့်အခြေအနေနှင့် ပြည်သူများ ဖြစ်ချင်သည့်ဆန္ဒများကို အစိုးရက သိနေပါသည်ဟု သမ္မတ ဦးသိန်းစိန်က ဩဂုတ်လ ၂၁ ရက်နေ့၌ ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အဖွင့်မိန့်ခွန်းတွင် ပြောဆိုလိုက်သည်။ (RFA 220811) Read More...

- ပဲခူးတိုင်း သာယာဝတီခရိုင်ရှိ လယ်သမားနှင့် ဆင်းရဲသားများအတွက် ယခုရက်ပိုင်းအတွင်း အစိုးရမှ ထုတ်ချေးပေးနေသည့် ချေးငွေနှစ်မျိုးကို ကျေးရွာအာဏာပိုင် အဆင့်အဆင့်က ကြံ့ဖွံ့ပါတီ USDP အတွက် မဲဆွယ်ပေးခဲ့သူများ၊ ၎င်းတို့နှင့်နီးစပ်သူ များနှင့် ငွေကြေးတတ်နိုင်သူများသာ ရရှိသွားသည်ဟု သာယာဝတီမြို့ခံတစ်ဦးက ပြောသည်။ (DVB 230811) Read More…
- အစိုးရသစ် သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေးအဖွဲ့မှ ဦးဆောင်ပြီး မကြာမီတွင် နိုင်ငံရေး အလုပ်ရုံဆွေးနွေးပွဲများကို စတင်ပြုလုပ်ရန် အစီအစဉ်ရှိသော်လည်း တစ်နိုင်ငံလုံး သဘောဆောင်သည့် ဆွေးနွေးမှုမျိုးကို လက်ရှိအခြေအနေအရ မဖြစ်နိုင်သေးဟု နိုင်ငံရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးကိုကိုလှိုင်က ပြောသည်။ (DVB 230811) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD နှင့် မပတ်သက်ရန် ရန်ကုန်တိုင်း တွံတေးမြို့ ဒေသခံများကို အာဏာပိုင်များက ဩဂုတ် ၂၃ ရက်နေ့မှ စတင်ပြီး ခံဝန်လက်မှတ် ရေးထိုးခိုင်းနေကြောင်းနှင့် မှတ်တမ်းများ လိုက်လံကောက်ယူနေသည်ဟု မြို့ခံ အဖွဲ့ချုပ်ဝင် ကိုဇော်ထွန်းက ပြောသည်။ (DVB 240811) Read More…
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ နမ့်ဆန်မြို့တွင် လက်ရှိနိုင်ငံရေး အခြေနေတင်းကြပ်မှုကြောင့် ည (၉) နောက်ပိုင်း အပြင်မထွက်ရ (မာရှယ်လော) အမိန့်ကို ထုတ်ပြန်ထားသော်လည်း အကြောင်းပြချက် တိတိကျကျ မသိရှိဘဲ အထက်လူကြီး များ ပြောပြချက်အရဟု သာဆိုသည်ဟု မြို့ခံများက ပြောသည်။ (Palaungwomen 240811) Read More…
- အစိုးရသစ် တက်လာသော်လည်း မြန်မာစစ်တပ်အတွင်း ကလေးစစ်သားများကို ခေါ်ယူ အသုံးပြုလျှက်ရှိနေသေးသည် ဟု ဩဂုတ်လ ၂၃ ရက်နေ့က ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNU နယ်မြေသို့ ထွက်ပြေးရောက်ရှိ လာသည့် အမှတ် (၅) စစ်ကွပ်ကဲရေးဌာနချုပ် လက်အောက်ခံ ခလရ (၃၇၂) တပ်ရင်းမှ အသက် ၁၇ နှစ်အရွယ် မြန်မာတပ်သား မောင်ရဲထက်က ထုတ်ဖော်ပြောဆိုခဲ့သည်။ (KIC 250811) Read More…
- နိုင်ငံရေး လှုပ်ရှားမှုကြောင့် ပြည်ပသို့ထွက်ခွာသွားသူ အားလုံးကို တစ်စုံတစ်ရာ အရေးယူမှု မပြုဘဲ ပြန်လာခွင့်ပြုမည်ဖြစ် ကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေး အကြံပေးပုဂ္ဂိုလ် ဒေါက်တာ နေဇင်လတ်က ဩဂုတ်လ ၂၄ ရက်နေ့၌ ပြောဆိုလိုက် သည်။ (RFA 250811) Read More…
- မြန်မာနိုင်ငံတွင် ဝန်ထမ်းအဖွဲ့အစည်းများ မဟုတ်သည့် လူအများလေးစားသော ပုဂ္ဂိုလ်များနှင့် သီးခြားလွတ်လပ်သည့် လူ့အခွင့် အရေးကောင်စီ ဖွဲ့စည်းရန် ပြင်ဆင်နေသည်ဟု သမ္မတ အကြံပေးပုဂ္ဂိုလ် ဒေါက်တာ နေဇင်လတ်က ပြောသည်။ (BBC 250811) Read More…
- အချိန်ကာလ သတ်မှတ်မထားသော်လည်း နိုင်ငံရေး အကျဉ်းသားများ ပြန်လွှတ်ပေးရန် ရှိနိုင်ကြောင်းနှင့် နိုင်ငံရေး အကျဉ်းသား အရေအတွက်မှာ ကွဲလွဲမှုရှိနေသည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ ကိုယ်စားလှယ် သောမတ် အိုဟေး ကင်တားနားနှင့် နေပြည်တော်၌ တွေ့ဆုံချိန်တွင် မြန်မာအစိုးရ တာဝန်ရှိသူများကပြောကြားလိုက်သည်။ (Mizzima 260811) Read More…
- မြန်မာနိုင်ငံက ရောက်ရှိသော ဒုက္ခသည်များကို ပြန်လည်လက်ခံရန် မြန်မာဘက်က အပြုသဘော တုန့်ပြန်မှုကို ဩဂုတ် ၂၅ ရက်နေ့က နေပြည်တော်၌ ပြုလုပ်ခဲ့သော ဘင်္ဂလာ- မြန်မာ နိုင်ငံခြားရေး အတွင်းဝန် အဆင့်တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ ဒု-နိုင်ငံခြားရေးဝန်ကြီး ဦးမောင်မြင့်က ထုတ်ဖေါ်ပြောကြားခဲ့ကြောင်း ဘင်္ဂလာဒေ့ရှ် အစိုးရက ဩဂုတ် ၂၅ ရက်နေ့က ထုတ်ပြန်သော ကြေညာချက်ထဲတွင် ဖေါ်ပြထားသည်။ (Narinjara 260811) Read More…
- တောင်ဒဂုံ ဆိပ်ကမ်းမြို့နယ် ၆၉ ရပ်ကွက်တွင် တည်ဆောက်နေသည့် အမေ့အိမ်စာသင်ကျောင်းကို ဆက်လက် ဆောက်လုပ်ခွင့် မပြုကြောင်းနှင့် မလိုက်နာပါက တရားစွဲမည်ဟု စည်ပင်သာယာဌာနက မြေပိုင်ရှင်ကို ခေါ်ယူလက်မှတ် ထိုးခိုင်းခဲ့သည်ဟု မြေပိုင်ရှင်ဖြစ်သူ ဒေါ်ဥမ္မာက ပြောသည်။ (RFA 260811) Read More…

ကြံ့ဖွံ့ပါတီ

- အစိုးရသစ်၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဟောင်း ဦးလှထွန်းက အမြတ်ခွန်ဥပဒေ ရတ်သိမ်းရေး ဥပဒေကြမ်း အပါအဝင် ဘဏ္ဍာရေးဆိုင်ရာ ဥပဒေကြမ်း ၅ ခုကို ပြင်ဆင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တရားဝင် တင်သွင်းလိုက်ပြီး ကြံ့ဖွံ့ပါတီ USDP မှ လွှတ်တော်အမတ်များက ထောက်ခံလိုက်ကြသည်ဟု ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် အမတ်တစ်ဦးက ပြောသည်။ (The Voice 220811) Read More…
- ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ ရန်ကုန်တိုင်းဒေသကြီး၊ ကြံ့ဖွံ့ပါတီ USDP မှ ဘီးတပ်ကုလားထိုင်များ ပေးအပ်လှူဒါန်း ပွဲနှင့် မသန်စွမ်းသူများအတွက် ရပ်ရွာလူထုအခြေပြုပြန်လည် ထူထောင်ရေးစီမံချက်၊ ဝန်ထမ်းများအတွက် အထူးမွမ်းမံ သင်တန်းဆင်းပွဲ အခမ်းအနားကို လွန်ခဲ့သည့် ဩဂုတ် ၁၇ ရက်နေ့က ရန်ကုန်မြို့ရှိ USDP ရုံး၌ ကျင်းပခဲ့သည်။ (Popular News 240811) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းရန်အဆို ၁၄၀ ကျော်ရှိနေကြောင်းနှင့် ၎င်းတို့ကို ကြံ့ဖွံ့ပါတီ USDP က အများဆုံး တင်သွင်းသွားမည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ (Popular News 240811) Read More...
- အိန္ဒိယအစိုးရ၏ ချင်းပြည်နယ် လူမှုရေးထောက်ပံ့ငွေအပေါ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP က ပါတီဝင်အင်အား စုဆောင်းရေးအတွက် အသုံးချပြီး စီမံခန့်ခွဲရန် ချင်းပြည်နယ် ထန်တလန်မြို့နယ် USDP ပါတီ၏ ဩဂုတ်လ ၁၉-၂၀ ရက်နေ့ သင်းလုံးကျွတ်အစည်းအဝေးက ဆုံးဖြတ်လိုက်သည်ဟု အစည်းအဝေး တက်ရောက်သူ တစ်ဦးက ပြောသည်။ (Khonumthung 230811) Read More...

### တပ်မတော်

### (က) စစ်ဆင်ရေးများ

- ငြိမ်းချမ်းရေး ဆွေးနွေးရန် အစိုးရက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များကို ဖိတ်ခေါ်နေစဉ် ရှမ်းပြည် တိုးတက်ရေး ပါတီ/ ရှမ်းပြည်တပ်မတော် မြောက်ပိုင်း (SSPP/ SSA-N) ဝမ်ဟိုင်း ဌာနချုပ်အနီးတွင် အစိုးရ တပ်ရင်း ၇ ရင်းအပြင် ရှမ်းပြည်တောင်ပိုင်း ကလောမြို့အခြေစိုက် တပ်မ ၅၅ လက်အောက်ခံ ခမရ ၅၀၇၊ ခမရ ၁၄၃ နှင့် ခမရ ၁၁၄ က အင်အား ၅၀၀ ခန့် ထပ်မံဖြည့်ဆည်းထားသည်ဟု SSA-N ပြောခွင့်ရ ဗိုလ်မှူးစိုင်းလှက ပြောသည်။ (Mizzima 240811) Read More...
- ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိုယ်စားလှယ် တော့မတ်စ်အိုဟေးကင်တားနားနှင့် တိုင်းရင်းသားလွှတ်တော်အမတ်များတွေ့ဆုံစကားပြောနေစဉ် သျှမ်းပြည်တောင်ပိုင်း စစ်မြေပြင်အတွင်း ကျေးရွာတစ်ရွာအား မြန်မာအစိုးရ တပ်မ ၅၅ လက်အောက်ခံ နောင်ချို အခြေစိုက် ခမရ ၁၁၄ က မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံကုန်သည်တစ်ဦးက ပြောသည်။ (S.H.A.N 240811) Read More...
- သံလွင်အရှေ့ဘက်ခြမ်း ကျိုင်းတုံမြို့နယ် တက်တောင် ကျေးရွာအုပ်စု ကျပိန်းဖတော်တွင် မြန်မာစစ်တပ်နှင့် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ မြန်မာစစ်တပ်ဘက်မှ ၃ ဦးသေဆုံးကာ ၈ ဦးဒဏ်ရာရရှိခဲ့ပြီးနောက် နေရာအနှံ့လုံခြုံရေး ချထားလာသည်ဟု ကျိုင်းတုံဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 250811) Read More...
- ဗန်းမော်ခရိုင်၊ အင်မောက်မြို့အထက်ပိုင်း Namsai (နမ်ဆိုင်း)ကျေးရွာတွင် မြန်မာအစိုးရစစ်သား အမြောက်အများနှင့် တပ်ချလာသဖြင့် ရွာသူရွာသား စစ်ပြေးဒုက္ခသည် (၁၅၀)ကျော် ဩဂုတ် (၂၅) ရက်နေ့က ထပ်မံရောက်ရှိလာ သည်ဟု ဒေသခံများကပြောသည်။ (KNG 260811) Read More...

### (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ထီကျန်ခွဆုံတွင် ငှက်ပျောသီးများ တင်ဆောင်လာသည့် စက်တပ်လှေငယ်တစ်စင်းကို ဩဂုတ်လ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် အစိုးရတပ် ခလရ ၉၃ တပ်ရင်းမှ တပ်ကြပ်တစ်ဦးက ငွေတောင်းရန် တားမြစ်ခြင်းကို ဆက်လက်မောင်းသွားသည့်အတွက် သေနတ်နှင့်လိုက်လံ ပစ်ခတ်ခဲ့သဖြင့် တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (BBC 220811) Read More...
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန်တုန်မြို့နယ်၊ လွယ်ဆောင်ကျေးရွာတွင် လွန်ခဲ့သည့် ဩဂုတ် ၁၆ ရက်နေ့က မန်တုန်အခြေစိုက် ခလရ တပ်ရင်း (၁၃၀)မှ ဗိုလ်မှူးကျော်ဇေယျာထွန်းနှင့် ၎င်းဦးဆောင်သော စစ်သားများသည် စစ်ပွဲမဖြစ်ပွားသည့်အဆိုပါ ဒေသတပိုက်တွင် ကချင်စစ်သားများနှင့် ရှမ်းစစ်သားများ ခိုအောင်းနေသည်ဟုဆိုကာ လိုက်လံရှာဖွေပစ်ခတ်သဖြင့် ချောဆွဲခံရမည်ကစိုးရိမ်သဖြင့် ပုန်းအောင်းနေသည့် ရွာသားတစ်ဦးကို မှားယွင်းပစ်သတ်ခဲ့သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Palaungwomen 220811) Read More...
- မြန်မာစစ်တပ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) အောက် ဆားမော်အခြေစိုက် ဗိုလ်ကြီး ဇော်ညီမြင့်ဦး ဦးဆောင်သော ခလရ (၁၀၅) စစ်ကြောင်း-၂ က အသက် (၁၅) နှစ်အရွယ် ကလေးမောင်ထွန်းစိန်ကို ဩဂုတ်လ ၁၁ ရက်နေ့တွင် လိုက်လံပစ်ခတ်သတ်ဖြတ်ခဲ့သည်ဟု ဒေသခံရွာသားများက ပြောသည်။ (KNG 250811) Read More...

(ဂ) နယ်ခြားစောင့်တပ်ဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များ

- ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ မြိုင်ကြီးငူဒေသရှိ ကျေးရွာ ၉ ရွာဖြစ်သော ထီးလာနဲ၊ တမိုယာ့၊ မာအဲ၊ ယော့ပို့ထာ့၊ ပူဆော၊ သကွီးကလား၊ ထီးလော်သီထာ့၊ ဖွေးဖိုးကလားနှင့် မဲ့ပေါ်ကလား ကျေးရွာတို့ကို နယ်ခြားစောင့်တပ် (BGF) က မြိုင်ကြီးငူကျေးရွာသို့ ယခုလလယ်ပိုင်းတွင် အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းသည်ဟု DKBA အဖြစ် ပြန်လည်ရပ်တည်ခဲ့သည့် DKBA တပ်မှူးတစ်ဦးက ပြောသည်။ (KIC 220811) Read More ...

လွှတ်တော်များ

- မီဒီယာ လွတ်လပ်ခွင့်ကို ရှေးရှု့သည့် ခြေလှမ်းတရပ်အနေဖြင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက သတင်းမီဒီယာများ၏ ဝေဖန်အကြံပြုမှုကို ခံယူသွားမည်ဖြစ်ကြောင်း ၂၂ ရက်နေ့က ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ်လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။ (Mizzima 220811) Read More...
- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များတွင် ရေးရာကော်မတီ ၂၆ ခုကို ဖွဲ့စည်းရန် ဩဂုတ်လ ၂၂ ရက်နေ့ ပြုလုပ် သည့် ဒုတိယအကြိမ် လွှတ်တော်ပုံမှန် အစည်းအဝေးများတွင် အဆိုပြုပြီး ကော်မတီဥက္ကဋ္ဌနေရာများကိုလည်း လွှတ်တော် ဥက္ကဋ္ဌများက အဆိုပြုကြသည်ဟု အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ အဖြစ် အဆိုပြုခံရသည့် ဖေကျွမ်းမှာ ဦးခင်ရွှေက ပြောသည်။ (DVB 220811) Read More...
- နေပြည်တော်တွင် ကျင်းပနေသည့် လွှတ်တော်အစည်းအဝေးများမှတဆင့် တည်ဆဲဥပဒေအချို့ဖြစ်သော အမြတ်ခွန် ဥပဒေ ရုပ်သိမ်းရေး ဥပဒေ အပါအဝင် ဥပဒေကြမ်း (၅) ခုကို အချိန်အခါနှင့်အညီ ပြုပြင်ပြောင်းလဲရန် ဩဂုတ် ၂၂ ရက်နေ့တွင် အဆိုတင်သွင်းခဲ့သည်ဟု ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ် (၁) ပြည်သူ့လွှတ်တော်အမတ် ဒေါက်တာအေးမောင်က ပြောသည်။ (RFA 220811) Read More...
- ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပုဂ္ဂလိက ပညာသင်ကျောင်း ဖွင့်လှစ်ခွင့်မူကြမ်းကို ပညာရေးဝန်ကြီး ဒေါက်တာမြအေးက တင်သွင်းခဲ့သည်ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က ပြောသည်။ (RFA 230811) Read More...
- ဩဂုတ် ၂၂ ရက်နေ့က ကျင်းပနေသည့် လွှတ်တော် အစည်းအဝေးများ၌ ဖွဲ့စည်းထားသည့် လွှတ်တော်ရေးရာ ကော်မတီစုစုပေါင်း ၂၆ ခုပန်းကျင်ကို ဥက္ကဋ္ဌ ရာထူးများ၊ အဖွဲ့ဝင်များနေရာတွင် အမျိုးသမီး ကိုယ်စားလှယ်များကို ခန့်အပ်ရန်မရှိသည့်အပြင် ကော်မတီဥက္ကဋ္ဌ အားလုံးမှာ အမျိုးသား ကိုယ်စားလှယ်များသာဖြစ်သည့်အပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ကိုယ်စားလှယ်များသာဖြစ်သည်။ (Irrawaddy 240811) Read More...
- နိုင်ငံရေး အကျဉ်းသားမရှိဟု မြန်မာအစိုးရမှ ငြင်းဆိုနေခြင်းသည် "နိုင်ငံရေး အကျဉ်းသား" ဟူသည့် အသုံးအနှုန်းကို ရှောင်ကာ "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများ" စကားရပ်ဖြင့် နိုင်ငံရေး အကျဉ်းသားများ လွတ်မြောက်ရေးနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အဆိုကို ဩဂုတ်လ ၂၅ ရက်နေ့က ပြည်သူ့လွှတ်တော်အမတ် ဦးသိန်းညွန့်က လွှတ်တော်သို့ တင်သွင်းလိုက်သည်ဟု ပြည်သူ့လွှတ်တော်အမတ်များက ပြောသည်။ Mizzima 250811) Read More...
- သယံဇာတ်ကျွန်း လွှတ်တော်အမတ် ဦးသိန်းညွန့်မှ တင်သွင်းသည့် ၁၉၂၆ ခုနှစ် တရားရုံးများကို မထိမဲ့မြင်ပြုမှုဥပဒေများ ဖျက်သိမ်းရန် အဆိုအား ကြံ့ဖွံ့ပါတီ USDP အမတ် ၃ ဦးက ကန့်ကွက်ဆွေးနွေးပြီး မဲခွဲဆုံးဖြတ်သည့်အခါ ကန့်ကွက်မဲ ၃၅၉၊ ထောက်ခံမဲ ၃ မဲနှင့် ကြားနေမဲ ၂၆ မဲဖြင့် အပြတ်အသတ် ရှုံးနိမ့်သွားမှုတွင် စက်ခလုတ်နှိပ် လျှို့ဝှက်မဲပေးသည့် စက်ခလုတ်ပျက် နေမှုကြောင့်ဆို၍ တစ်လုည့်စီ မတ်တပ်ရပ် မဲရေတွက်ခဲ့သည်ဟု လွှတ်တော်အမတ်တစ်ဦးက ပြောသည်။ (DVB 250811) Read More...
- အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂ လူ့အခွင့်အရေး အရာရှိ မစ္စတာ သောမတ်စ် အိုဟေး ကင်တားနား နှင့် နေပြည်တော်၌ တွေ့ဆုံစဉ် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက် မပြုကြောင်းသေချာသည့် အချိန်ကျမှသာ နိုင်ငံရေး အကျဉ်းသားများကို ပြန်လွှတ်ပေးမည်ဟု ပြောဆိုလိုက်သည်။ (Irrawaddy 260811) Read More..., DVB...
- ဩဂုတ် ၂၆ ရက်နေ့က ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးတွင် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးနှင့် ပတ်သက်သည့် အဆိုသည် လွှတ်တော် ဆွေးနွေးပွဲများအတွင်း ထောက်ခံဆွေးနွေးသူအများဆုံးရရှိခဲ့ပြီး တပ်မတော်သား လွှတ်တော်အမတ် ၂ ဦးပါ ပထမဆုံးအကြိမ် ဝင်ရောက်ထောက်ခံဆွေးနွေးသည့် အဆိုတစ်ခုဖြစ်ခဲ့သည်ဟု ပြည်သူ့ လွှတ်တော်အမတ်များက ပြောသည်။ (Mizzima 260811) Read More...

## တရားရေးကဏ္ဍ

- ပြည်ထောင်စုတရားလွှတ်တော်ရုံးက မကွေးတိုင်း ကံမမြို့ စစ္စရံရွာသားများဘက်မှ ရှေ့နေလိုက်ပေးခဲ့သူ အထက်တန်းရှေ့နေ ဦးတင်အောင်ထွန်းကို လွန်ခဲ့သည့် ဩဂုတ် ၉ ရက်နေ့က အထက်တန်းရှေ့နေအဖြစ်မှ အမိန့်စာထုတ်ပြီး ထုတ်ပယ်ခဲ့သော်လည်း ပြန်လည်ဖြေရှင်းခွင့် မရရှိခဲ့ကြောင်း ဦးတင်အောင်ထွန်းက ပြောသည်။ (DVB 230811) Read More...
- လွန်ခဲ့သည့် ဇူလိုင် ၁၉ ရက်နေ့က မိတ္ထီလာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးတွင် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ပြီးအပြန်လမ်းတွင်း ဖမ်းဆီးခံလိုက်ရသော မန္တလေးတိုင်း တပ်ကုန်းမြို့ အဖွဲ့ချုပ်ဝင် ဦးဖိုးထောင် (ခေါ်) ဦးလှမြင့်ကို အာဏာပိုင်များက ဩဂုတ် ၂၆ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ (၅)-၁ (နိုင်ငံခြားသား ခရီးသွားလာခွင့် တိုင်ကြားရာ ပျက်ကွက်မှု) နှင့် တရားစွဲဆို၍ ထောင်ဒဏ် ၁ နှစ်ခွဲ ချမှတ်လိုက်သည်။ (DVB 260811) Read More...
- ကုလသမဂ္ဂ လူ့အခွင့်အရေးအရာရှိ မစ္စတာ ကင်တားနား မြန်မာနိုင်ငံမှ ထွက်ခွာပြီး နောက်ရက်တွင် သွေးလူဒါန်းရေး ပါဝင်လှုပ်ရှား နေသူ ဗိုလ်ကြီးဟောင်း နေမျိုးဇင်ကို အီလက်ထရောနစ် ဥပဒေဖြင့် အင်းစိန်ထောင် အထူးတရားရုံးက ဩဂုတ်လ ၂၆ ရက်နေ့က ထောင်ဒဏ် ၁၀ နှစ် အမိန့် ချမှတ်လိုက်သည်ဟု တရားခွင်မှပြန်လာသူ တရားခံ၏ရှေ့နေ ဦးလှမျိုးမြင့်က ပြောသည်။ (Mizzima 260811) Read More..., Irrawaddy

## အခြားနိုင်ငံရေးပါတီများ

- မြန်မာနိုင်ငံဆိုင်ရာ ကုလလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ သောမတ်စ် အိုဟေးကင်တားနား Tomas Ojea Quintana အား အစိုးရက လူ့အခွင့်အရေးဆိုင်ရာ အချက်အလက်များ စုံစမ်းခွင့်ပေးခြင်းကို နိုင်ငံရေးပါတီ ခေါင်းဆောင်များနှင့် လူ့အခွင့်အရေး လှုပ်ရှားသူတို့က သတိဖြင့် ကြိုဆိုကြပြီး နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးကို မျက်ခြေမပြတ်သင့်ကြောင်း ကင်တားနား အား အကြံပြုတိုက်တွန်း ပြောဆိုကြသည်။ (Mizzima 220811) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့ နေပြည်တော်၌ တွေ့ဆုံဆွေးနွေးမှုသည် အစိုးရသစ်အနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး စတင်လာခြင်းဖြစ်နိုင်သည်ဟု ချင်းအမျိုးသားတပ်ဦး CNF အထွေထွေ အတွင်းရေးမှူး (၁) ဒေါက်တာ‌ရွှေခါးက ပြောသည်။ (Khonumthung 220811) Read More...
- ဩဂုတ်လ ၂၂ ရက်နေ့က ပြုလုပ်သည့် လွှတ်တော်နှစ်ရပ် အစည်းအဝေးတွင် ဖွဲ့စည်းလိုက်သည့် ရေးရာကော်မတီသစ် ၂၆ ခုအတွက် ကော်မတီဥက္ကဋ္ဌနေရာများတွင် ယခင် နအဖစစ်အစိုးရခေတ်မှ ဂန်ကြီးဟောင်းများနှင့် ကြံ့ဖွံ့ပါတီ USDP အမှုဆောင် အဖွဲ့ဝင်များက အများစု ပါဝင်နေသည့်အတွက် ဂန်ကြီးဟောင်းနှင့် တစ်ပါတီ လွှမ်းမိုးမှု လွန်ကဲနေသည်ဟု အခြားနိုင်ငံရေးပါတီ ခေါင်းဆောင်များက ဝေဖန်ပြောဆိုလိုက်ကြသည်။ (DVB 230811) Read More...
- ဒုတိယအကြိမ် လွှတ်တော် အစည်းအဝေးတွင် သျှမ်းပြည်နယ်အတွင်း ကောက်ခံနေသော အခွန်များအကြောင်း လူထု၏ လယ်ယာ မြေများအကြောင်း တင်ပြရန် ကျားဖြူပါတီမှ စီစဉ်ရေးဆွဲထားပြီး တင်ပြရန်အတွက် တာဝန်ခွဲယူထားသည်ဟု အစည်းအဝေးတက် ရောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။ (S.H.A.N 230811) Read More...
- ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ သိန်းစိန်တို့တွေ့ဆုံပြီးနောက် မြန်မာနိုင်ငံတွင် အခြေအနေတချို့ အပြောင်းအလဲ ဖြစ်လာနေပြီဟု ဝေဖန်ပြောဆိုမှုများ ထွက်ပေါ်လာသော်လည်း မြန်မာနိုင်ငံမှာ အချိန်တိုအတွင်း ပြောင်းလဲရန် မလွယ်ကူနိုင်ကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ အထွေထွေ အတွင်းရေးမှူး ဦးဦးလှစောက ပြောသည်။ (Narinjara 230811) Read More...
- တိုင်းရင်းသားဒေသများတွင် စစ်ပွဲပဋိပက္ခများဖြစ်ပေါ်နေချိန် ပြည်တွင်း ငြိမ်းချမ်းရေး အမြန်ဆုံးရရန် လိုအပ်ကြောင်း ပါတီတည် ထောင်ခွင့်ရရှိပြီး ဩဂုတ် ၂၄ ရက်နေ့က အသစ်ပေါ်ထွန်းလာသော အမျိုးသား ဒီမိုကရေစီ ပါတီသစ် ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်က ပြောသည်။ (Mizzima 240811) Read More...
- ဩဂုတ်လ ၁၉ရက်နေ့မှ ၂၁ရက်နေ့အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)တွင် ပြုလုပ်ခဲ့ သည့် နိုင်ငံတော် စီးပွားရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှာ ဆွေးနွေး ချိန်နည်းသဖြင့် ရလဒ်ကောင်းမရှိဟု ဖလုံ-စဝေါ်ပါတီ ကိုယ်စားလှယ်များက ပြောသည်။ (KIC 240811) Read More...
- သျှမ်းပြည်နယ်အတွင်း တိုက်ပွဲများကြောင့် ဒေသခံရွာသူရွာသားများ အိမ်နီးချင်းတိုင်းပြည်သို့ ထွက်ပြေးခိုလှုံမှုမရှိစေရန် စစ်ပြေး ဒုက္ခသည်စခန်းဖွင့်လှစ်ပေးရေးကိစ္စကို သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက ကမ္ဘာ့ကုလသမဂ္ဂ မြန်မာ နိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် တောမတ် အိုဟေးကင်တားနားထံ တင်ပြလိုက်သည်ဟု ကျားဖြူပါတီမှ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီက ပြောသည်။ (S.H.A.N 240811) Read More...

- တိုင်းရင်းသား လက်နက်ကိုင်များနှင့် မြန်မာအစိုးရကြား ပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းမည်ဟု ယူဆရသည့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးကော်မတီများတွင် တိုင်းရင်းသားကိုယ်စားလှယ်များ ပါဝင်စေချင်သည်ဟု တိုင်းရင်းသား နိုင်ငံရေးပါတီများက ပြောသည်။ (IMNA 240811) Read More…
- ဒီမိုကရက်တစ်ပါတီ (မြန်မာ) အပါအဝင် ရွေးကောက်ပွဲဝင် မဟာမိတ်ပါတီ ၄ ခုနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် သောမတ် အိုဟေးကင်တားနားတို့ ဩဂုတ် ၂၅ ရက်နေ့က တွေ့ဆုံ ဆွေးနွေးရာတွင် နိုင်ငံရေးအကျဉ်းသား များ လွတ်မြောက်ရေး ကိစ္စကို အဓိကဆွေးနွေးပြီး အကျဉ်းသားများ လွတ်ပေးရေးအပေါ် စိုးရိမ်စိတ်များရှိသည်ဟု မစ္စတာ ကင်တားနားက ပြောဆိုခဲ့ကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (Mizzima 250811) Read More…
- ပြိုင်ဘက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP ကိုယ်စားလှယ်များမှ တရားစွဲဆိုခံထားရသည့် ရတပ ပါတီ အမတ်များ လျှောက်လဲချက်ကို ဩဂုတ် ၂၄ ရက်နေ့က စစ်ဆေးရာတွင် ရသေ့တောင်မြို့နယ် အမှတ် (၁) ပြည်နယ် လွှတ်တော်အမတ် ဦးလှမောင်သိန်းကို အနိုင်ပေးလိုက်ပြီး ပေါက်တော အမတ် ၃ ဦးကို ဆက်လက် ရက်ရွှေ့ဆိုင်းထား လိုက်သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရခိုင်လူမျိုးစု ကိုယ်စားလှယ် ဦးဇော်အေးမောင်က ပြောသည်။ (Narinjara 250811) Read More…
- မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်အဖြစ် ပြောခဲ့ကြသည့် ချင်းပြည်နယ်အား အထူးဇုံအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးရေးအတွက် လွှတ်တော်သို့ တင်ပြမည်ဟု ချင်းတိုးတက်ရေးပါတီ CPP ဥက္ကဋ္ဌ စစ်ကိုင်းတိုင်း ချင်းတိုင်းရင်းသားရေးရာ ဝန်ကြီး ပူး နိုးထန်ကပ်က ပြောသည်။ (Khonumthung 260811) Read More…

တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်များ

- မြန်မာနိုင်ငံတွင် လွတ်လပ်သည့်လူ့အခွင့်အရေးကော်မတီတစ်ရပ်ဖွဲ့စည်းရန်အတွက် ၂၀၁၀ ရွေးကောက်ပွဲဝင် ပါတီအသီးသီးမှ လွှတ်တော်အမတ် ၁၉ ဦးတို့က မြန်မာနိုင်ငံကို ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် မစ္စတာကင်တားနားနှင့် ဩဂုတ် ၂၃ ရက်နေ့ တွေ့ဆုံမှုတွင် တောင်းဆိုလိုက်သည်ဟု တသီးပုဂ္ဂလလွှတ်တော် အမတ် ဦးသိန်းညွန့်က ပြောသည်။ (DVB 230811) Read More…

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- နေပြည်တော်တွင် ကျင်းပခဲ့သည့် စီးပွားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့သို့ ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့သည့်အတွက် ဆွေးနွေးပွဲတွင်ရှိနေသည့် အစိုးရဝန်ကြီးများ၊ နိုင်ငံရေး၊ စီးပွားရေး ခေါင်းဆောင်များ အားလုံး အံ့ဩဝမ်းသာဖြစ်ခဲ့ရပြီး ယင်းမြင်ကွင်းအပေါ် အမျိုးသား ပြန်လည်သင့်မြတ်ရေး လမ်းစတစ်ခုအဖြစ် ရှုမြင်ခဲ့ကြသည်ဟု ရခိုင်တိုင်းရင်းသား များ တိုးတက်ရေးပါတီ RNDP ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။ (RFA 210811) Read More…
- နိုင်ငံနှင့်ပြည်သူလူထုအကျိုးအတွက် လက်ရှိအစိုးရနှင့် နှစ်ဘက်ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် စတင်ပြီဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၂၂ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးတွင်း ပြောကြားလိုက်သည်ဟု အဖွဲ့ချုပ်ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (DVB 220811) Read More…
- သမ္မတ ဦးသိန်းစိန်နှင့် မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့၏ နေပြည်တော်တွင် တွေ့ဆုံ ဆွေးနွေး သဘောတူခဲ့သည့်ကိစ္စများကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဩဂုတ် ၂၂ ရက်နေ့တွင် သဘောတူ ကြိုဆိုထောက်ခံလိုက်ကြောင်း အဖွဲ့ချုပ် ပြောခွင့်ရ ဦးဉာဏ်ဝင်းက ပြောသည်။ (RFA 220811) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ၄င်းနှင့်တွေ့ဆုံခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားသည် မြန်မာ့အရေးကို စေတနာ ထက်သန်စွာနှင့် ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ဖြစ်ပြီး လူ့အခွင့်အရေးနှင့် ပတ်သက်၍လည်း ကျွမ်းကျင်နှံ့စပ်သူဖြစ်သည်ဟု ဩဂုတ် ၂၄ ရက်နေ့တွင် သတင်းထောက်များကို ပြောဆိုလိုက်သည်။ (RFA 240811) Read More…
- သမ္မတ ဦးသိန်းစိန်သည် အမှန်တကယ်အပြုသဘော ဆောင်ပြီး အပြောင်းအလဲများကို မြင်ချင်နေသည်ဟု ယူဆကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၂၄ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 240811) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- သမ္မတဦးသိန်းစိန် “သဘောကောင်းပုံရသည်” ဟုဆိုပြီး အတိုက်အခံ နိုင်ငံရေး လှုပ်ရှားမှုနှင့် ပတ်သက်ခဲ့၍ အသက်မွေးဝမ်းကျောင်း ရှေ့နေလိုင်စင် အသိမ်းခံခဲ့ရသူများနှင့် ကျောင်းထုတ်ခံခဲ့ရသူများက ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် လိုင်စင်ပြန်ရ ရေးနှင့် ပညာပြန်လည်သင်ကြားခွင့်ရရေး ခွင့်ပြုရန်အတွက် လျှောက်ထားရန် ပြင်ဆင်နေကြသည်ဟု အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (Mizzima 250811) Read More...
- အမျိုးသားအဆင့် နှစ်စဉ် ဆု ၅ ဆုကို သတင်းသမားများအားဆုပေးရန်အတွက် အကဲဖြတ်အဖွဲ့၌ ပါဝင်ရန် ကမ်းလှမ်းမှု ကို ပါတီလုပ်ငန်းများလုပ်ကိုင်နေခြင်းကြောင့် ငြင်းပယ်လိုက်ကြောင်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအလုပ်မှုဆောင် ဦးဝင်းတင်က ပြောဆိုလိုက် သည်။ (Mizzima 250811) Read More...
- ဒီပဲယင်းဒေသတွင် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အကြမ်းဖက်တိုက်ခိုက်ခံရမှု၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD တရားဝင် ဆက်လက်ရပ်တည်ရေးစသည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂသို့ ပေးပို့မည့် အစီရင်ခံစာကို ဩဂုတ် ၂၄ ရက်နေ့က ကုလသမဂ္ဂ လူ့အခွင့်အရေး အရာရှိ မစ္စတာ သောမတ်အိုပေး ကင်တားနားထံသို့ တင်ပြလိုက်သည်ဟု NLD ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဉာဏ်ဝင်းက ပြောသည်။ (Irrawaddy 250811) Read More...
- မြန်မာပြည်သူများ၏ ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာရေးအတွက် သမ္မတ ဦးသိန်းစိန်နှင့် ဆက်လက် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၂၅ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 250811) Read More...
- နိုင်ငံရေးကြောင့် ဖမ်းဆီးထောင်ချခံရသည့် ရှေ့နေများ၊ ဆရာဝန်များနှင့် ကျောင်းဆရာများကို အစိုးရမှ ၎င်းတို့၏ အတတ်ပညာနှင့်အသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်ခွင့်မရရန် လိုင်စင်သိမ်းထားခြင်းများ ဆက်လက်ရှိနေမှုများကို ပြန်လည်ရုပ်သိမ်းပေးရန်အတွက် ဆောင်ရွက်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥပဒေအထောက် အကူပြုအဖွဲ့က ဩဂုတ် ၂၅ ရက်နေ့တွင် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်။ (BBC 260811) Read More...
- ဆွီဒင်နိုင်ငံ စတော့ဟုန်းမြို့တွင် ကျင်းပသည့် လူထုအခြေပြု အဖွဲ့အစည်းများနှင့်ပတ်သက်သော ဥပဒေရေးရာ ကမ္ဘာလုံး ဆိုင်ရာ ညီလာခံကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင် နှစ်ဦး တက်ရောက်ပြီး ဩဂုတ် ၂၅ ရက်နေ့က ပြန်လည်ရောက်ရှိလာသည်ဟု အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 260811) Read More...

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ တိုင်းရင်းသားပါတီများဖြင့် ဖွဲ့စည်းထားသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီ အဖွဲ့ချုပ်က ပါတီများ တရားဝင် ရပ်တည်ခွင့်ရရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ ကုလမသဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် မစ္စတာ ကင်တားနားမှတဆင့် စာရေးတင်ပြ တောင်းဆိုခဲ့သည်ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးသာဘန်းက ပြောသည်။ (DVB 250811) Read More...
- ရှမ်းပြည်နယ် စစ်ပြေးဒုက္ခသည်များကို ကူညီပေးရန် မြန်မာနိုင်ငံဆိုင်ရာ ကုလမသဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားကို ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ရှမ်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ် SNLD အပါအဝင် ပါတီ ၈ ခု ပူးပေါင်းပြီး လွှန်ခဲ့သည့် ဩဂုတ် ၂၀ ရက်နေ့က အိတ်ဖွင့်ပေးစာ ပေးပို့ပန်ကြားခဲ့သည်ဟု SNLD ပါတီပြောခွင့်ရ ဦးစိုင်းလိတ်က ပြောသည်။ (DVB 250811) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD မှ ကူညီလုပ်ဆောင်နေသည့် သွေးလှူပေးရေးပရဟိတလုပ်ငန်းတွင် ကူညီရင်း ဖမ်းဆီးခံလိုက်ရသည့် ဗိုလ်ကြီးဟောင်း နေမျိုးဇင်ကို မြောက်ပိုင်းခရိုင် တရားရုံးတရားသူကြီး ဦးခင်မောင် ရုံးထိုင်သည့် အင်စိန်ထောင် တွင်း တရားရုံးမှ အီလက်ထရောနစ်ပုဒ်မ ၃၃ (က) နှင့် ဩဂုတ် ၂၆ ရက်နေ့တွင် ထောင်ဒဏ် ၁၀နှစ်  ချမှတ်လိုက်သည်ဟု ၎င်း၏ ရှေ့နေဖြစ်သူ ဦးလှမျိုးမြင့်က ပြောသည်။ (DVB 260811) Read More...
- ဒီမိုကရေစီ ဖော်ဆောင်ရေးနှင့် မိမိလူမျိုးစုအရေးအတွက် လက်ရှိ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲဝင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီ ပါတီ AMDP နှင့် ပူးပေါင်းလုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း ၁၉၉၀ ရွေးကောက်ပွဲဝင် မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ MNDF ဒု-ဥက္ကဋ္ဌ နိုင်ငွေသိမ်းက ပြောသည်။ (IMNA 260811) Read More...
- ၁၉၉၀ ရွေးကောက်ပွဲဝင် တိုင်းရင်းသားပါတီ ၈ ပါတီက သုံးပွင့်ဆိုင်ဆွေးနွေးရေး အပါအဝင် အချက် ၄ ချက်ပါ ပေးစာကို ကုလသမဂ္ဂ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် သောမတ်အိုပေးကင်တားနားထံ တင်ပြတောင်းဆိုခဲ့ကြောင်း သျှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် SNLD ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောပါသည်။ (S.H.A.N 260811) Read More... (Mizzima 240811) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

(ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- ကိုမင်းကိုနိုင်၊ ကိုမင်းဇေယျ၊ ကိုကိုကြီး စသည့် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ နောက်ဆုံးအကြိမ်အဖြစ် အဖမ်းခံရသည့် ၄ နှစ်မြောက်နေ့အဖြစ် ဩဂုတ် ၂၁ ရက်နေ့တွင် ၈၈ မျိုးဆက် ကျောင်းသားများ ဦးစီးပြီး နိုင်ငံရေး အကျဉ်းသားလွတ်မြောက်ရေး ဆုတောင်းပွဲတစ်ရပ်ကို ကိုမင်းဇေယျ၏ အိမ်တွင် ပြုလုပ်ခဲ့သည်ဟု ၈၈ မျိုးဆက် ကျောင်းသား တစ်ဦးဖြစ်သည့် ကိုဇာနည်က ပြောသည်။ (RFA 210811) Read More...
- တပ်မတော်အာဏာသိမ်းအုပ်ချုပ်စဉ်ကာလအတွင်း နိုင်ငံရေးလှုပ်ရှားမှုနှင့်ဆက်နွယ်၍ ရှေ့နေလိုင်စင် ရုပ်သိမ်းခံရသူများက လာမည့် ဩဂုတ် ၂၅ ရက်နေ့တွင် လိုင်စင်ပြန်ရရေးအတွက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ရန် စီစဉ်နေသည်ဟု ဦးဆောင်စီစဉ်နေသူ ရှေ့နေများကွန်ရက်မှ ဦးအောင်သိန်းက ပြောသည်။ (DVB 230811) Read More...
- နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ရန်ကုန်တိုင်း တွံ့တေးမြို့မှ ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူ ဦးအောင်ဖေက တစ်ကိုယ်တော်ဆန္ဒပြမှုအဖြစ် ဩဂုတ် ၂၃ ရက်နေ့ နံနက် ၉ နာရီခန့်တွင် တောင်းဆိုစာသားပါ ကတ်ထူစက္ကူ ကိုကိုင်ဆောင်ပြီး နိုင်ငံရေးအကျဉ်းသားဂတ်စုံ အပေါ်အပြာ အောက်အပြာဂတ်ကာ တွံ့တေးမြို့ထဲသို့ လှည့်လည်ဆန္ဒပြခဲ့သည်။ (DVB 230811) Read More...
- ဩဂုတ် ၂၃ ရက်နေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ပြည်သူ့ ငွေစာရင်း ကော်မတီ၏ ၂၀၁၁- ၂၀၁၂ ဘဏ္ဍာနှစ်အတွက် ကျပ် ဘီလျံ ၂၀၀၀ ကျော် ဘတ်ဂျက်လိုငွေပြမှု နှင့်ပတ်သက်သည့် အစီရင်ခံစာ၊ ဆွေးနွေးချက်တို့ကို ဩဂုတ် ၂၄ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြခြင်းမရှိသောကြောင့် နိုင်ငံရေး အကျဉ်းသားဟောင်းဖြစ်သည့် Hip Hop အဆိုတော် ဇေယျာသော်က အစိုးရအနေဖြင့် ဒီထက်ပိုပြီး ပွင့်လင်းသင့်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုများရှိသင့်ကြောင်း ပြောကြားလိုက်သည်။ (Irrawaddy 240811) Read More...
- ဒီမိုကရေစီကွန်ရက်များ ထူထောင်ရေးကို အလျင်အမြန် အကောင်အထည်ဖော်ရန်အတွက် အထူးရက်တို သင်တန်းတစ်ခုကို ဗေဒါအင်စတီကျူက ပထမအကြိမ်အဖြစ် ကချင်ပြည်နယ်မှ သင်တန်းသား ၂၆ ဦးကို ခေါ်ယူ၍ ၅ ရက်ခန့် ပို့ချခဲ့သည်ဟု ဗေဒါအင်စတီကျူတာဝန်ရှိသူ ကိုမျိုးရန်နောင်သိန်းက ပြောသည်။ (DVB 250811) Read More...
- ဉပဒေနှင့်အညီ စီရင်ခွင့်ရရန် ကူညီပါဟု ၂၀၁၀ ခုနှစ် သင်္ကြန်ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ဖမ်းဆီးခံလိုက်ရသည့် ကိုဖြိုးအောင်က ဩဂုတ် ၂၄ ရက်နေ့တွင် အင်းစိန်အကျဉ်းထောင်သို့ လာရောက်တွေ့ဆုံခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ ကုလမသဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားကို အကူအညီတောင်းခံခဲ့သည်ဟု ၎င်း၏ဇနီးဖြစ်သူ မဒွေးဒွေးက ပြောသည်။ (DVB 260811) Read More...

ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

မီဒီယာ

- ဒေါ်အောင်ဆန်းစုကြည်ပုံ ပါသည့် သတင်းအား ဂျာနယ်၊ စာစောင်များ၏ မျက်နှာဖုံးတွင် ဖော်ပြခွင့်ကို ကာလအတန်ကြာ ပိတ်ပင်ခဲ့သော်လည်း ယနေ့ ဖြန့်ဝေသည့် ဂျာနယ်များ၏ မျက်နှာဖုံးတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့ ဩဂုတ်လ ၁၉ ရက်နေ့က တွေ့ဆုံသည့် သတင်းနှင့် ဓာတ်ပုံများ ပါဝင်လာကြောင်း ရန်ကုန်မီဒီယာဂရုဒ်၏ ဥက္ကဋ္ဌ ကိုကို (စက်မှုတက္ကသိုလ်)က ပြောသည်။ (Irrawaddy 220811) Read More...
- နေပြည်တော်တွင် ကျင်းပနေသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှု အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲသို့ သတင်းစုံဂျာနယ် ၁၀ စောင်တည်းသာ ဖိတ်ကြားထားပြီး စီးပွားရေးဂျာနယ်နှင့် သတင်းစာစောင်တချို့ သတင်းတက်ယူခွင့်မရကြောင်း ရန်ကုန်အခြေစိုက် မြန်မာသမာဓိ စီးပွားရေးဂျာနယ်မှ တာဝန်ခံအယ်ဒီတာ ဦးကျော်သွင်နိုင်က ပြောသည်။ (DVB 210811) Read More...
- နေပြည်တော်တွင် ကျင်းပနေသည့် လွှတ်တော် အစည်းအဝေးအတွင်း သတင်းရယူခြင်းနှင့်ပတ်သက်ပြီး ပြည်တွင်း ပြည်ပသတင်းထောက်များ လိုက်နာရမည့် စည်းကမ်းချက် ၁၆ ချက်ကို သတင်းနှင့်ပြန်ကြားရေးကော်မတီက ဩဂုတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ (RFA 220811) Read More...
- ဩဂုတ်လ ၂၁ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စု လွှတ်တော်အစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက သတင်း မီဒီယာများ၏ ဝေဖန် အကြံပြုချက်များကို အစိုးရသစ်မှ လက်ခံသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ (RFA 220811) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- လွှတ်တော်သတင်းထုတ်ပြန်ရေးနှင့်ပြန်ကြားရေးကော်မတီ၏ သတင်းယူခွင့်အစီအစဉ်များအရ ဒုတိယအကြိမ် ပုံမှန် လွှတ်တော်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သတင်းရယူရာတွင် အချိန် ကန့်သတ်မှုအပါအဝင် စီမံခန့်ခွဲရေးပိုင်း အားနည်းချက်များကြောင့် အခက်အခဲကြုံတွေ့နေရသည်ဟု ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာသမားများက ဝေဖန်ပြောကြားလိုက်သည်။ (DVB 230811) Read More...
- နေပြည်တော်တွင် ခေါ်ယူကျင်းပလျက်ရှိသည့် လွှတ်တော် အစည်းအဝေးများသို့ ပြည်တွင်းပြည်ပ သတင်းထောက်များ ကို တက်ရောက်သတင်းယူခွင့် ပေးထားသော်လည်း သတင်းထောက်များ လိုက်နာရန် အချက် ၁၆ ချက် ပါရှိသော ညွှန်ကြားချက်တစ်စောင်ကို ပြန်ကြားရေးဂန်ကြီးဌာနက ထုတ်ပြန်ထားပြီး အဆိုပါ အချက်များကို အထူး အလေးထား လိုက်နာရန်လိုအပ်ကြောင်း ပြန်ကြားရေးဂန်ကြီးဌာန အရာရှိများက သတင်းထောက်များအား ထပ်ခါတလဲလဲ သတိပေးနေကြောင်း ပြည်တွင်းသတင်းထောက်တစ်ဦးက ပြောသည်။ (Irrawaddy 230811) Read More...
- ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တို့ တွေ့ဆုံခဲ့မှုနှင့်ပတ်သက်၍ လူအများအာရုံစိုက်သည့် မျက်နှာဖုံးသတင်း ခေါင်းစဉ်ကြောင့် ပြန်ကြားရေးဝန်ကြီးဌာန စာပေစိစစ်ရေးမှ သစ္စာဂျာနယ်ကို ခေါ်ယူသတိပေးခဲ့သည်ဟု စာပေစိစစ်ရေးဌာန အရာရှိတစ်ဦးက ပြောသည်။ (Mizzima 240811) Read More...
- လွှတ်တော်အစည်းအဝေးများ၌ ဆွေးနွေးပြောဆိုမှုများ၏ အသေးစိတ် အချက်အလက်များကို အများပြည်သူနှင့် တိုက်ရိုက်တွေ့ဆုံ၍ ၎င်းတို့၏ လိုအပ်ချက်များ၊ အခက်အခဲများကို တင်ပြပေးရန် တောင်းဆိုထားချက်များနှင့် ပတ်သက်၍ ကိုယ်စားလှယ်များ၏ အပြန်အလှန် ဆွေးနွေးချက်များကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှ ပြည်စုံစွာ ဖော်ပြပေးသင့်သည်ဟု နေပြည်တော်ရောက် လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။ (Irrawaddy 260811) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် သတင်း၊ ဓာတ်ပုံများကို စာပေစိစစ်ရေးမှ ခွင့်ပြုချက်မယူဘဲ ဖော်ပြသော ဂျာနယ် ၂ စောင်ကို အရေးယူခဲ့ပြီး အဓိပ္ပာယ် လွဲမှားစေသည့် ခေါင်းစဉ်ဖော်ပြသော ဂျာနယ် ၁ စောင်ကို ခေါ်ယူသတိပေးပြီး နောက်ဆက်တွဲ သတင်းတင်ပြခွင့် မပြုတော့ကြောင်း ဩဂုတ်လ ၁၈ ရက်နေ့ ရက်စွဲဖြင့် တရားဝင် အမိန့်ထုတ်ပြန်လိုက်သည်။ (Irrawaddy 260811) Read More...

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- မြန်မာအစိုးရ အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ဖြစ်နေသည့် တိုက်ပွဲများကိုသောင်းကျန်းမှု ပြဿနာအဖြစ် ရှုမြင်ပါက စစ်မှန်သော နိုင်ငံရေး ဆွေးနွေးမှု ရနိုင်ရန်ခက်မည်ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ KIO တွဲဘက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Mizzima 220811) Read More…
- ပြည်ထောင်စုတစ်ခုလုံး ယာယီအပစ်အခတ်ရပ်ရေး ကြေညာကာ နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးရန် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC က သမ္မတဦးသိန်းစိန်ထံ ဩဂုတ်လ ၁၇ ရက်နေ့တွင် ပေးပို့တောင်းဆိုလိုက်သည်။ (Mizzima 220811) Read More…
- ကရင်ပြည်နယ်ဝန်ကြီးချုပ် ဗိုလ်ချုပ် ဇော်မင်းနှင့် ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မောင်မောင်အုန်းတို့အဖွဲ့ကို ဩဂုတ် ၂၀ ရက်နေ့က နယ်ခြားစောင့်တပ် ၁ နှစ်ပြည့် အခမ်းအနား တက်ရောက်ပြီးအပြန် ဖေ့ရှားမယ့်ပလယ်ရွာတွင် DKBA တပ်ဖွဲ့ဝင်များက ဆွဲမိုင်းဖြင့် တိုက်ခိုက်ခဲ့ရာ အစိုးရတပ် ဗိုလ်မှူးတစ်ဦးနှင့် တပ်သားနှစ်ဦးတို့ ထိခိုက်သေဆုံးသွားသည်ဟု DKBA ကလိုထူးဘောတပ်ရင်း၏ စစ်ထောက်လှမ်းရေး ဗိုလ်ကြီးတူးသရီးက ပြောသည်။ (DVB 220811) Read More..., Mizzima…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးသိန်းစိန်တို့၏ ဩဂုတ် ၁၉ ရက်နေ့ ပထမဆုံး အကြိမ်တွေ့ဆုံမှုသည် ရလာဒ် ကောင်းထွက်ရန် နည်းသည်ဟု တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များဖြစ်သော KNPP အတွင်းရေးမှူးချုပ် ခူးဦးရယ်နှင့် KNU ၏ တွဲဘက်အတွင်းရေးမှူး (၁) ဗိုလ်မှူးစောလှငွေတို့က ဩဂုတ် ၂၂ ရက်နေ့တွင် ပြောကြားလိုက်သည်။ (KIC 220811) Read More...
- သျှမ်းပြည်တောင်ပိုင်း ကာလိမြို့နယ်ခွဲ ပစ်ခတ်မှုတွင် အရပ်သား ၂ ဦး သေဆုံးမှုသည် SSA (ယွတ်စစ်) အဖွဲ့၏ လက်ချက်ဖြစ်သည်ဟူသော အစိုးရသတင်းစာ၏ ဖော်ပြချက်သည် မှန်ကန်မှုမရှိကြောင်း SSA လွယ်တိုင်းလျဲန်းမှ ပြောရေး ဆိုခွင့်ရှိသူ စိုင်းဆိုင်မိဏ်းက ပြောသည်။ (S.H.A.N 220811) Read More...
- ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်သည် ရေရှည်အာဏာချုပ်ကိုင်ထားရေးအတွက်သာဖြစ်သောကြောင့် နားမယောင်သင့်ကြောင်း UNFC ဒု အတွင်းအရေးမှူး ၁ လည်းဖြစ် ပအိုဝ်းအမျိုးသားခေါင်းဆောင်လည်းဖြစ်သည့် ဥပဒေပညာရှင် ဗိုလ်မှူးခွန်ဥက္ကာက ပြောသည်။ (S.H.A.N 220811) Read More ...

- ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာမှ မလိချောင်း ကြိုးတံတားကို ကချင်လွတ်မြောက်ရေးတပ်မတော် KIA က ဗုံးခွဲဖျက်ဆီးသည်ဟု ဩဂုတ် ၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြချက်နှင့်ပတ်သက်၍ KIA အား အစိုးရတပ်များမှ ထိုးစစ်ဆင်ရန် ရိက္ခာများ ပို့ဆောင်လာမှုများကြောင့် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း KIA ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်းက ပြောသည်။ (DVB 220811) Read More...
- ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ရန် မြန်မာအစိုးရ၏ ကမ်းလှမ်းချက်ကို ပယ်ချလိုက်သည်ဟု တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA တပ်မဟာ ၅ ၏ စစ်ဦးစီးချုပ် ဗိုလ်ချုပ် စောလားပွယ်က ဩဂုတ် ၂၃ ရက်နေ့က ပြောသည်။ (Irrawaddy 230811) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့်မြန်မာစစ်တပ်တို့အကြား တိုက်ပွဲပြင်းထန်လျက်ရှိသော သျှမ်းပြည် တောင်ပိုင်း ကျေးသီးမြို့နယ်အတွင်မှ ဒေသခံရွာသား ၅၀၀ ကျော်သည် အစိုးရ စစ်သားများက ချောဆွဲပြီး လမ်းပြခိုင်းမည်ကို စိုးရိမ်နေကြသောကြောင့် တောနက်ထဲသို့ ဝင်ရောက်ပုန်းခိုနေကြသည်ဟု ကျေးသီးဒေသခံတစ်ဦးက ပြောသည်။ (S.H.A.N 230811) Read More...
- သမ္မတဦးသိန်းစိန်နှင့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုသည် နိုင်ငံရေး အပြောင်း အလဲအတွက် ခြေလှမ်းအစဟု ပြောရန် စောသေးသည်ဟု တိုင်းရင်းသား လက်နက်ကိုင် ခေါင်းဆောင်များဖြစ်သော ကရင်နီအမျိုးသား တိုးတက်ရေးပါတီ၊ မွန်ပြည်သစ်ပါတီ၊ ကရင်အမျိုးသားအစည်းအရုံးနှင့် ရှမ်းပြည်တပ်မတော်မှ ခေါင်းဆောင်များက ပြောသည်။ (IMNA 230811) Read More...
- ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုကြသော်လည်း အစိုးရသစ်အပေါ် သံသယ ရှိနေကြဆဲဟု ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ KNPP မှ အတွင်းရေးမှူး ခူဦးရယ်က ပြောသည်။ (KT 230811) Read More...
- ဩဂုတ်လ (၁၉) ရက်နေ့တွင် ကျရောက်သည့် ကချင်လွတ်မြောက်ရေး အမျိုးသမီးများအစည်းအရုံး Kachin Independence Women Association (KIWA) ၏ (၃၃)နှစ် ပြည့်အခမ်းအနားတွင် အဖွဲ့ ဥက္ကဋ္ဌ ဖော်ရွယ်ခေါန်ဂျာက နိုင်ငံရေးလှုပ်ရှားမှုများတွင် အမျိုးသမီးများ ပါဝင်သင့်သည်ဟု ပြောကြားလိုက်သည်။ (KNG 230811) Read More...
- အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်မည်ဆိုလျှင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး တပ်များ ဆုတ်ခွာပေးရန်နှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပါအဝင် အခြားနိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း ဗိုလ်ချုပ် စောလားဘွယ် ဦးဆောင်သည့် DKBA ကလိုထူးဘောတပ်ရင်းက သဘောထား ထုတ်ပြန်တောင်းဆိုလိုက်သည်။ (DVB 240811) Read More...
- ကချင်ပြည်နယ် ဖိုင်းမော်မြို့နယ်၊ ဆမားကျေးရွာတွင် ရွာသားများ၏ ထင်းမီးများ ခိုးယူသယ်ဆောင်နေသော မြန်မာအစိုးရ စစ်သားများအား KIA တပ်သားများက ဩဂုတ် ၂၄ ရက်နေ့တွင် လိုက်လံပစ်ခတ်သောကြောင့် တစ်ဦးကျဆုံးခဲ့သည်ဟု ဒေသခံများက ပြောသည်။ (KNG 240811) Read More...
- ရှမ်းပြည်နယ် တောင်ပိုင်း ကျေးသီးမြို့နယ်ရှိ နားတင်းရွာငယ်ကို ရှမ်းသူပုန်များနှင့်ဆက်သွယ်သည်ဟုဆိုကာ နောင်ချိုမြို့ အခြေစိုက် အစိုးရတပ် ခမရ ၁၁၄ က ဩဂုတ် ၂၃ ရက်နေ့ နံနက်ပိုင်း၌ မီးရှို့လိုက်ခြင်းသည် အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်များအပေါ် သံသယများရှိနေသည်ဟု ရှမ်းပြည်တိုးတက်ရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ပြောသည်။ (VOA 240811) Read More...
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူနှင့် နစ်မိုင်ခန့်အကွာရှိ ကံညီနောင်ရွာတွင် ဩဂုတ် ၂၄ ရက်နေ့က နယ်ခြားစောင့်တပ် အမှတ် ၁၀၁၇ တပ်ဖွဲ့ဝင်များနှင့် ဗိုလ်မှူး စောဘိဦးဆောင်သည့် DKBA အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားရာ နယ်ခြား စောင့်တပ်မှ တပ်ဖွဲ့ဝင် ၇ ဦးကို လက်နက် ၈ လက်နက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်ဟု DKBA ကလိုထူးဘောတပ်ရင်း စစ်ထောက်လှမ်းရေး ဗိုလ်ကြီး စောသရီးတူးက ပြောသည်။ (DVB 250811) Read More...
- မန္တလေး-မူဆယ်လမ်းပိုင်းတွင် ဩဂုတ်လ ၂၄ ရက်နေ့က မြန်မာစစ်သားများအား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ KIA တပ်မဟာ (၄)လက်အောက်ရှိ တပ်ရင်း (၉) တပ်သားများက ခြုံခိုတိုက်ခိုက်ရာ မြန်မာစစ်သား ၂ ဦးသေဆုံးကာ ၄ ဦးဒဏ်ရာရရှိပြီး သေနတ် (၂) လက်ကိုလည်း သိမ်းဆည်း ရရှိသည်ဟု KIA အရာရှိများက ပြောသည်။ (KNG 250811) Read More...
- ပြည်တွင်းငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ၊ ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများက အရေးတစ်ကြီး ထုတ်ဖော် ပြောဆိုနေချိန်တွင် ကရင်နီပြည်နယ် ဒေသအချို့တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ကရင်နီ ပြည်နယ် မော်ချီးဒေသတွင် ကရင်နီ တပ်မတော်နှင့် အစိုးရစစ်တပ်ကြား တိုက်ပွဲ ၃ ကြိမ် ဖြစ်ပွားခဲ့ရာ မြန်မာအစိုးရ ဘက်မှ ၅ ဦး သေဆုံးကာ ၄ ဦး ဒဏ်ရာရခဲ့ပြီး ကရင်နီ တပ်မတော်ဘက်မှ တပ်သား ၁ ဦး ကျဆုံးသွား သည်ဟု KNPP အတွင်းရေးမှူး ခူဦးရယ်က ပြောသည်။ (KT 260811) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာအစိုးရက ကရင်အမျိုးသား အစည်းအရုံး KNU နှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ဘာသာရေး ခေါင်းဆောင် များကို မကြာသေးမီက တာဝန်ပေးလိုက်သည့်ကိစ္စအပေါ် KNU က အစိုးရ၏ အစီအစဉ်ကို လက်ခံမည် မဟုတ်ကြောင်း၊ တိုင်းရင်းသား အဖွဲ့များက အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန် UNFC ခေါ် တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း KNU ဒု-ဥက္ကဌ ပဒိုဒေးဗစ်သာကဘောက ပြောကြားလိုက်သည်။ (Irrawaddy 260811) Read More...
- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်မှ ချီဖွေမြို့အသွားလမ်း အင်မောင်ခကျေးရွာတွင် ဩဂုတ် ၂၃ ရက်နေ့က ကချင်လွတ် မြောက်ရေး တပ်ဖွဲ့ KIA နှင့် မြန်မာအစိုးရစစ်တပ်တို့အကြား ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အစိုးရဘက်မှ ဒေသခံပြည်သူ့ စစ်တစ်ဦး ကျဆုံးသွားသည်ဟု ထိုဒေသမှ အစိုးရဝန်ထမ်းတစ်ဦးက ပြောသည်။ (KNG 260811) Read More...
- မြန်မာအစိုးရက အပြင်းအထန် ထိုးစစ်ဆင် တိုက်ခိုက်နေသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်းခေါ် ရှမ်းပြည်တိုးတက်ရေး ပါတီ SSA/SSPP တပ်ဖွဲ့သည် အစိုးရနှင့် ပဏာမအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် အစီအစဉ်ရှိသည်ဟု SSA/SSPP ၏ ပြောခွင့်ရ ပုဂ္ဂိုလ် ဗိုလ်မှူးစိုင်းလက ပြောသည်။ (NMG 260811) Read More...
- နယ်ခြားစောင့်တပ်ဖွဲ့ရေးကို လက်မခံ၍ ပြန်လည်တိုက်ခိုက်နေသည့် ရှမ်းပြည်တပ်မတော် SSA တပ်မှူးကြီးများနှင့် DKBA မှ ဗျူဟာမှူး ဗိုလ်မှူးကျော်သက်တို့ တွေ့ဆုံညှိနှိုင်းပြီး မြို့တွင်းတိုက်ပွဲများ ဆင်နွှဲ၍ ခုခံကာကွယ်စစ် တိုးမြှင့်သွားမည်ဟု DKBA ကလိုထူးဘော စစ်ဆင်ရေးမှူး ဗိုလ်မှူးစောစန်းအောင်က ပြောသည်။ (DVB 260811) Read More...
- နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအပေါ် ငြိမ်းချမ်းရေးတံခါး ဖွင့်ထားသည့်အကြောင်းနှင့် ပြည်နယ် အစိုးရများနှင့် ဆက်သွယ်ဆောင်ရွက်ရန် ညွှန်ကြားချက်ကို ကရင်အမျိုးသားအစည်းအရုံး KNU အနေဖြင့်လည်း ကြုံဆိုပြီး အမြဲတံခါးဖွင့်ထားကြောင်းသို့သော် တစ်ဖွဲ့ချင်းမဟုတ်သည့် စုပေါင်းပါဝင်မှုဖြင့်သာ စကားပြောမည်ဖြစ်သည်ဟု KNU အထွေထွေ အတွင်းရေးမှူး နော်စီဖိုးရာစိန်က ပြောသည်။ (VOA 270811) Read More...

အတိုက်အခံအင်အားစုများ (ပြည်ပ)

- သမ္မတ ဦးသိန်းစိန် အစိုးရသည် အမှန်တကယ် ပြုပြင်ပြောင်းလဲရေးများ လုပ်နေသည်ဆိုခြင်းကို လက်တွေ့ ပြသသည့်အနေဖြင့် နိုင်ငံရေးအကျဉ်းသားများ ခြွင်းချက်မရှိ လွှတ်ပေးရန်နှင့် တိုင်းရင်းသား ဒေသများရှိ ထိုးစစ်များကို ရပ်ဆိုင်းပေးရန် အဝေးရောက် ညွန့်ပေါင်း အစိုးရအဖွဲ့ NCGUB က ဩဂုတ် ၂၀ ရက်နေ့တွင် တိုက်တွန်း တောင်းဆိုလိုက်သည်။ (RFA 210811) Read More...
- အထိန်းသိမ်းခံ နိုင်ငံရေးအကျဉ်းသာများ အားလုံးကို အမြန်ဆုံး ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် လန်ဒန်ရောက် မြန်မာလူငယ် ၁၂ ဦးနှင့် နိုင်ငံခြားသားနစ်ဦးတို့သည် လန်ဒန်မြို့ မြန်မာသံရုံးရှေ့ မြေကွက်လပ်တွင် ဩဂုတ် ၂၀ ရက်နေ့ နေ့လည် ၁၂ နာရီမှ စတင်ကာ အစာငတ်ခံ ဆန္ဒပြ တောင်းဆိုခဲ့သည်ဟု နာရီ ၂၀ ကျော်အထိ ဆက်လက်ပါဝင်နေဆဲဖြစ်သူ ၈၈ မျိုးဆက်သစ် ကျောင်းသားလူငယ် မမေမျိုးအောင်က ပြောသည်။ (DVB 220811) Read More...

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံကို ဩဂုတ် ၂၁ ရက်နေ့တွင် ရောက်ရှိလာသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် မစ္စတာ တောမတ်စ် အိုဟေး ကင်တားနားက နေပြည်တော်တွင် မြန်မာ့ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏ မောင်လွင်နှင့် ပထမဦးစွာ တွေ့ဆုံခဲ့ပြီးနောက် ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်အတူ ဒု-ရဲချုပ်တို့နှင့် အသီးသီးတွေ့ဆုံခဲ့သည်။ (VOA 210811) Read More...
- မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးသိန်းစိန်တို့ ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံပြီး တိုင်းပြည် အနာဂတ်ရေးအတွက် ဆွေးနွေးခဲ့ကြသည့်အပေါ် ကျေနပ် အားရမိသည်ဟု ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း (Ban Ki-moon) က ဩဂုတ်လ ၂၂ ရက်နေ့တွင် ပြောကြားလိုက်သည်။ (VOA 220811) Read More...
- မြန်မာနိုင်ငံတွင် တိုးတက်သည့် နိုင်ငံရေးဖြစ်စဉ်အချို့ကို တွေ့ရသော်လည်း အမျိုးသား ပြန်လည်သင့်မြတ်ရေး အတွက်ဆိုလျှင် နိုင်ငံရေး အကျဉ်းသားများ လွှတ်ပေးရန် လိုအပ်နေသေးသည်ဟု ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် မစ္စတာ တောမတ်စ် အိုဟေး ကင်တားနားက ဩဂုတ် ၂၃ ရက်နေ့တွင် လွှတ်တော် ကိုယ်စားလှယ်အချို့နှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောဆိုလိုက်သည်။ (VOA 230811) Read More...

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မြန်မာနိုင်ငံတွင် ပြဌာန်းထားသည့် တည်ဆဲ ဥပဒေများကို လူ့အခွင့်အရေးနှင့် ကိုက်ညီမှုရှိရန်အတွက် ပြုပြင်ရန် လိုအပ်ကြောင်း နေပြည်တော်တွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တားနား က လွှတ်တော် ခေါင်းဆောင်များနှင့် ဩဂုတ် ၂၃ ရက်နေ့ တွေ့ဆုံမှုတွင် တိုက်တွန်း ပြောကြားလိုက်သည်။ (RFA 230811) Read More...
- မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် UNDP မှ အကောင်အထည်ဖော်နေသည့် အသေးစားချေးငွေလုပ်ငန်းသည် ဆင်းရဲသားများ၏ လိုအပ်မှုအတွက် ၁၀ ရာခိုင်နှုန်းသာ ဖြည့်ဆည်းပေးနိုင်ပြီး ၉၀ ရာခိုင်နှုန်းခန့် လိုအပ်နေသေးသည်ဟု UNDP ရန်ကုန်ရုံးခွဲ ပြန်ကြားရေးဌာနမှ ဦးညီညီအောင်က ပြောသည်။ (DVB 240811) Read More...
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားသည် ဩဂုတ် ၂၄ ရက်နေ့က အင်းစိန်ထောင်သို့ သွားရောက်ပြီး နိုင်ငံရေး အကျဉ်းသား ၇ ဦးနှင့် တွေ့ဆုံခဲ့ပြီးသည့်နောက် အင်းစိန်ထောင်ဆေးရုံ အပါအဝင် ထောင်တွင်းနေရာ အချို့ကို လှည့်ပတ် ကြည့်ရှုခဲ့သည်။ (VOA 240811) Read More...
- ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားက မြန်မာနိုင်ငံ လူ့အခွင့်အရေး နောက်ဆုံး အခြေအနေ များနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများကို မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩဂုတ် ၂၄ ရက်နေ့ တွေ့ဆုံမှု တွင် ဆွေးနွေးခဲ့ကြသည်။ (VOA 240811) Read More...
- အင်းစိန် အကျဉ်းထောင်တွင်း အခြေအနေများ တိုးတက်မှု ရှိလာကြောင်း မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အ ရေး အထူး ကိုယ်စားလှယ် သောမတ်စ် အိုဟေးကင်တားနားက အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ခေါင်းဆောင်များနှင့် တွေ့ဆုံရာတွင် ပြောဆိုခဲ့ သည်ဟု NLD ပါတီ ဗဟိုကော်မတီဝင် ဦးဝင်းတင်က ပြောသည်။ (Mizzima 240811) Read More...
- မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကုလသမဂ္ဂ UN က ကော်မရှင်ဖွဲ့ရေး အကြံပြုခဲ့ ခြင်းသည် မြန်မာနိုင်ငံ တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုရန်ဖြစ်ပြီး ၎င်းအနေဖြင့် ဆက်လက် တိုက်တွန်းသွားမည် ဟု မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံဆိုင်ရာ UN လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် မစ္စတာ ကင်တားနားက ဩဂုတ် ၂၄ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 240811) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီရပ်တည်မှုပျက်ပြီဟု ကြေညာထားသည့်ကိစ္စနှင့်ပတ်သက်၍ အဖွဲ့ချုပ်၏ တရားဝင်ရပ် တည်ရေးအတွက် ကုလသမဂ္ဂမှ ဥပဒေကျွမ်းကျင်သူပညာရှင်တစ်ဦး လာရောက်ကူညီနိုင်ရန် ဆောင်ရွက်ပေး မည်ဟု မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာ ကင်တားနားက အဖွဲ့ချုပ် ဥပဒေအထောက် အကူပြုအဖွဲ့ဝင် များနှင့် တွေ့ဆုံစဉ် ကတိပြုပြောကြားသွားသည်။ (DVB 240811) Read More...
- ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ် သောမတ်အိုဟေး ကင်တားနား၏ ငါးရက်ကြာ ခရီးစဉ်တွင် မြန်မာအစိုးရသည် လူမှုရေး၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှု အလားအလာကောင်းများ ပြောင်းလဲသွားနိုင်သည်ဟု သောမတ်အိုဟေး ကင်တားနားက ပြောဆိုခဲ့သည်။ (Mizzima 250811) Read More...
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားသည် ဩဂုတ်လ ၂၃ ရက်နေ့ က တိုင်းရင်းသားပါတီများကို နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးခန်းမတွင် တွေ့ဆုံခဲ့မှု သည် သာမန် အနေဖြင့်သာဖြစ်ပြီး လူ့အခွင့်အရေးနှင့် ပတ်သက်သောအချက်အလက်များကို သိချင်သည်ဟု မွန်ဒေသ လုံးဆိုင်ရာ ဒီမိုကရေစီ ပါတီ ဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောသည်။ (KIC 250811) Read More...
- မြန်မာနိုင်ငံတွင် နိုင်ငံရေး တိုးတက်မှု တချို့ကို မြင်တွေ့ရသော်လည်း လူ့အခွင့်အရေး အခြေအနေများ စိုးရိမ်စရာ အဆင့်နှင့်အတူ ဆက်လက်လုပ်ကိုင်ဆောင်ရွက်မှုများ လိုအပ်နေဆဲဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် မစ္စတာ ကင်တားနားက ၎င်း၏ မြန်မာနိုင်ငံသို့ ၅ ရက်ကြာ ခရီးစဉ်အပြီး ဩဂုတ် ၂၅ ရက်နေ့ သတင်း စာရှင်းလင်းပွဲ တွင် သုံးသပ်ပြောဆိုလိုက်သည်။ (VOA 250811) Read More...
- ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ILO ရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူး ကိုယ်စားလှယ် မစ္စတာ ကင်တားနားနှင့် HRDP လူ့အခွင့်အရေး မြှင့်တင်သူများ ကွန်ယက်အပါအဝင် လူ့အခွင့်အရေးအတွက် လှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့် ဩဂုတ်လ ၂၅ ရက်နေ့တွင် တွေ့ဆုံခဲ့သည်ဟု HRDP ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဦးမောင်မောင်လေးက ပြောသည်။ (RFA 250811) Read More...

## (ခ) အစိုးရ

- မြန်မာဒုက္ခသည်များကို နေရပ်ပြန်ရန် ထိုင်းနိုင်ငံ တပ်ခရိုင် ဂန်စံမလွိုင်ဖားက မြန်မာဒုက္ခသည်စခန်း တာဝန်ခံများအား စာရင်းလုပ်ရန် ညွှန်ကြားချက်အပေါ် ထိုင်းအစိုးရအနေဖြင့် ၄င်းတို့ကို ပြန်ပို့ရန် မဖြစ်နိုင်သေးကြောင်း ထိုင်းအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က တုံ့ပြန်ပြောကြားလိုက်သည်။ (DVB 240811) Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးသိန်းစိန်တို့၏ နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးမှုများကို ဂျာမနီနိုင်ငံက ကြိုဆိုအားပေး တိုက်တွန်းကြောင်းနှင့် လူ့အခွင့်အရေး တိုးတက်မှုအပါအဝင် နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရန်ကို တောင်းဆိုကြောင်း ဂျာမန် နိုင်ငံခြားရေးဝန်ကြီး Werner Hoyer က ပြောဆိုလိုက်သည်။ (RFA 240811) Read More...
- မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်၏ ပထမဆုံး မူဝါဒရေးရာညှိနှိုင်းရေးမှူး ဒဲရက်ခ် မစ်ချဲလ်သည် မြန်မာနိုင်ငံသို့ မကြာမီ သွားရောက်နိုင်ရန်အတွက် မြန်မာအစိုးရ တာဝန်ရှိသူများထံ ပြောဆိုရန် ပြင်ဆင်နေသည်ဟု အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗစ်တိုးရီးယား နူလန်း (Victoria Nuland) က ဩဂုတ် ၂၃ ရက်နေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (VOA 250811) Read More...

## (ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- လွတ်လပ်သည့် အလုပ်သမား သမဂ္ဂများ ဖွဲ့စည်းရန်အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD က ကြိုးပမ်းဆောင်ရွက် နေသည့် ကိစ္စရပ်များကို ဆွီဒင်နိုင်ငံအလုပ်သမားသမဂ္ဂ အဖွဲ့နှစ်ဖွဲ့က ဩဂုတ် ၂၃ ရက်နေ့က အဖွဲ့ချုပ်ရုံးတွင် ဗဟိုအလုပ်အမှု ဆောင်အဖွဲ့ဝင်များထံမှ လာရောက် လေ့လာ ဆွေးနွေးခဲ့ကြသည်ဟု အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (RFA 230811) Read More...
- မြန်မာနိုင်ငံတွင် အစိုးရသစ်ပြောင်းလဲသွားသော်လည်း လူ့အခွင့်အရေးအခြေအနေများ တိုးတက်ပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ဆိုးဝါးနေသည့် အခြေအနေများကို အစီရင်ခံစာတစ်စောင်ထုတ်ပြန်၍ အာရှဥပဒေအရင်းအနှီးပင်မဌာနမှ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီအား တည့်သွင်းစဉ်းစားနိုင်ရန် တင်သွင်းလိုက်ကြောင်း အဖွဲ့ပြောခွင့်ရပုဂ္ဂိုလ် ဦးမင်းလွင်ဦးက ပြောသည်။ (DVB 250811) Read More...

---

***End of report/ Saturday, August 27, 2011***

**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**

***Documentation and Research Department (NDD)***

---